


# အစီအစဉ် ( ၅၉ )


## “အဂတိလိုက်စားမှုကို ကာကွယ်ဖို့ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့”

တင်ပြသူ

ဒေါက်တာချိုချိုသက်


ပညာရေးဝန်ကြီးဌာန

ကမ္ဘာတစ်ဝှမ်းလုံးတွင်ဖြစ်ပွားနေသော “လတ်တလော ကူးစက်မြန်
အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောင်ရောဂါ COVID-19 သည်
လူသားတို့အတွက် တုန်လှုပ်ခြောက်ခြားစရာ ကပ်ရောဂါဆိုးကြီး
ဖြစ်လာခဲ့သည်။ ယင်းရောဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင်
၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၌ အမည်မသိရောဂါအဖြစ် စတင်ဖြစ်ပွားခဲ့ပြီး
လျင်မြန်စွာကူးစက် ပျံ့နှံ့နေသည့် လတ်တလော
ကူးစက်မြန်အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်ရောင်ရောဂါ
COVID-19 ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အမည်တပ်ကာ
ကမ္ဘာ့ကပ်ရောဂါအဖြစ် ၂၀၂၀ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင်
ထုတ်ပြန်ကြေညာခဲ့သည်။





ထိုကြေညာချက် ထုတ်ပြန်ပြီးနောက် နိုင်ငံတော်အတိုင်ပင်ခံ
ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော "၂၀၁၉ နိုဗယ် ကိုရိုနာဗိုင်းရပ်စ်
ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ" အား
၂၀၂၀ ခုနှစ် မတ်လ (၁၃) ရက်တွင် ဖွဲ့စည်းပြီး ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊
ကုသရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်
ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ COVID-19 ထိန်းချုပ်ဆောင်ရွက်မှုများ
လုပ်ဆောင်နေစဉ် အတွင်းမှာပင် "အဂတိလိုက်စားမှု"များ
ပေါ်ပေါက်လာခဲ့သည်။ အဂတိလိုက်စားမှုများ ကျယ်ပြန့်လာသည်နှင့်အမျှ
ပြည်သူများအကြား ထိခိုက်နစ်နာ ဆုံးရှုံးမှုများလည်း ကျယ်ပြန့်လာခဲ့သည်။



"အဂတိ" ဟူသော ဝေါဟာရသည်

ပါဠိစကားလုံး "အကတ္တဗ္ဗံ ကရောတီတိ အတ္တော" ဟူသော စကားလုံးမှ ဆင်းသက်လာပြီး "မပြုအပ်သော အရာကိုပြု၏ ထို့ကြောင့် အတ္တမည်၏" ဟု အဓိပ္ပာယ်ရသည်။

COVID-19 ကာလအတွင်း အဂတိလိုက်စားမှုများ တားဆီးကာကွယ်ခြင်းသည် ပြည်သူများအကြားတွင် လွန်စွာအရေးကြီးလှပေသည်။








နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက်
အဂတိလိုက်စားမှုများ လျော့နည်းရန်
ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်
ဆောင်ရွက်သင့်ပါသည်။ အဂတိလိုက်စားမှုသည် ယခု
COVID-19 ကာလအတွင်းမှာ သာမက ရှေးရာစုနှစ်
များစွာကတည်းက အမြစ်တွယ်နေခဲ့သော ကပ်ရောဂါ
တစ်ခုဟုပင်သတ်မှတ်ထားကြပါသည်။ ထို့ကြောင့်
နိုင်ငံတစ်ဝှမ်း အဂတိလိုက်စားခြင်းကို
လုံးဝသည်းခံခွင့်လွှတ်မှု မပြုအပ်သော ယဉ်ကျေးမှု
တစ်ရပ်အဖြစ် ပြည်သူအများကြားတွင် ဖြစ်ထွန်း
ပေါ်ပေါက်ရန် လိုအပ်လျက်ရှိသည်။

“COVID-19” ကာလအတွင်း အဂတိလိုက်စားမှုများ
တားဆီးကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပြီး၊
အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အညီ
အရေးယူဆောင်ရွက်မှုများကို အရှိန်မလျှော့ဘဲ
ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။



ပြည်သူလူထုအနေဖြင့် အစိုးရဌာနများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဌာနများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဆက်သွယ် ဆောင်ရွက်ကြရာတွင် အဂတိလိုက်စားမှုများရှိလာပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး၊ ရုံးအမှတ် (၅၆) နေပြည်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု လိပ်မူ၍ ပေးပို့တိုင်ကြားခြင်းအားဖြင့် အဂတိလိုက်စားမှုများ တားဆီးကာကွယ်နိုင်ပါသည်။



ACC Against COVID-19



Dr. Cho Cho Thet

ထို့ပြင် ပြည်သူလူထုအနေဖြင့် အကျင့်ပျက်ခြစားမှုများနှင့်
လာဘ်ပေးလာဘ်ယူမှုများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး
ကော်မရှင်ရုံးသို့ လူကိုယ်တိုင် သွားရောက်တိုင်ကြားနိုင်ပါသည်။
ထိုသို့ တိုင်ကြားစာရေးသား တိုင်ကြားမည်ဆိုပါက
မိမိတိုင်ကြားလိုသည့် အဓိကအချက်အလက်များကို
တိကျခိုင်မာစွာ ရေးသားရန် လိုအပ်ပါသည်။ တိုင်ကြားသော
အကြောင်းအရာများကိုလည်း လိုရင်းတိုရှင်းရေးသားဖော်ပြပြီး
သက်သေအထောက်အထားများ ခိုင်လုံအောင် တင်ပြရပါမည်။
ထိုကဲ့သို့ မှန်ကန်ထိရောက်သော တိုင်ကြားမှုများ တိုးပွားလာမှသာ
ထိထိရောက်ရောက် အရေးယူနိုင်မည်ဖြစ်ပြီး ပြည်သူများအကြား
အဂတိလိုက်စားမှုများ လျော့ကျလာမည် ဖြစ်ပါသည်။




### တိုင်ကြားစာပုံစံ ဖြည့်သွင်းခြင်း

ဤတိုင်ကြားစာပုံစံသည် နစ်နာသူက အွန်လိုင်းမှ တစ်ဆင့် တိုင်ကြားနိုင်ပါသည်။ မိမိ တိုင်ကြားခဲ့သော တိုင်ကြားစာ ၏ အနှစ်ချုပ်ကို ပြန်လည် ကြည့်ရှုနိုင်ပါသည်။

ဖြစ်နိုင်ပါက၊တိုင်ကြားသူအနေဖြင့် တိုင်ကြားစာတွင် အောက်ပါ အချက်အလက်များအား ထည့်သွင်းသင့်ပါသည်။

- မည်သည့်နေရာ၊ မည်သည့် အချိန်တွင် အဂတိ လိုက်စား မှုက မည်သို့ ဖြစ်ပွားခဲ့သည်။
- မည်သူပါဝင်ခဲ့သည်။
- ၎င်းကို မည်သည့်အတွက်ကြောင့် အဂတိလိုက်စားမှု ဟု ယူဆသည်။

**ACC Against COVID-19**

**Dr. Cho Cho Thet**

ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် အဂတိလိုက်စားမှုကို တွန်းလှန်မှသာ အစိုးရက အကောင်
အထည်ဖော်လျက်ရှိသော ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊
နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတို့သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုဆီသို့
ဦးတည်နိုင်မည်ဖြစ်သည်။ COVID-19 ကာလ အတွင်း အဂတိလိုက်စားမှုလျှော့နည်းကင်းစင်လာမှသာ
COVID-19 ကပ်ရောဂါကို တစ်ဖက်တစ်လမ်းမှ တွန်းလှန်ကာကွယ်နိုင်မည်ဖြစ်ပြီး
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်ဟုန်မပြတ်
ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးမှ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် လက်တွဲပါဝင်ကြရန်
တိုက်တွန်းရေးသားအပ်ပါသည်။

Dr. Cho Cho Thet

**ACC Against COVID-19**